# တတိယအကြိမ်မြောက် ဘိန်းစိုက်တောင်သူများညီလာခံ ထုတ်ပြန်ကြေညာချက်

### ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ကျွန်ုပ်တို့ ဘိန်းစိုက်တောင်သူများနှင့် ဘိန်းစိုက်ပျိုးလျက်ရှိသည့် ရပ်ရွာများမှ ကိုယ်စားလှယ်များသည် ကျွန်ုပ်တို့၏ ဘဝများအပေါ် သက်ရောက်ထိခိုက်လျက်ရှိသည့် မူးယစ်ဆေးဝါးရေးရာမဟာဗျူဟာများအပေါ် ဆွေးနွေးသုံးသပ်ရန်အတွက် မြန်မာနိုင်ငံအထက်ပိုင်း၌ တွေ့ဆုံစည်းဝေးပြီး အောက်ပါအကြံပြုထောက်ခံချက်များကို ပြုလုပ်ခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် မိသားစုစားနပ်ရိက္ခာ ဖူလုံစေရန်နှင့် လိုအပ်သည့် အခြားအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း၍ ပိုမိုကောင်းမွန်သည့် ကျန်းမာရေးနှင့် ပညာရေးအခြေအနေမျိုးကို ဖန်တီးနိုင်ရန် ဘိန်းစိုက်ပျိုးခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဒေသများသည် ပင်လယ်ရေမျက်နှာပြင်ထက်အမြင့်ပေ များစွာမြင့်မား၍ တောင်ကုန်းတောင်တန်းထူထပ်သဖြင့် အခြားစျေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် သယ်ယူပို့ဆောင်ရန်ခက်ခဲလျက်ရှိပြီး လွန်စွာဆင်းရဲကျပ်တည်းကြ၍သာ ဘိန်းစိုက်ပျိုးရခြင်းဖြစ်ပါသည်။ ထို့ပြင် အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်ရန်အတွက် သင့်လျော်သည့် ရေမြေအနေအထားလည်းမရှိပါ။ ဘိန်းစိုက်တောင်သူအများစုသည် ချမ်းသာကြွယ်ဝ၍ ချောင်ချောင်လည်လည်ရှိသူများမဟုတ်ဘဲ မိသားစုစားဝတ်နေရေးနှင့် အသက်ရှင်ရပ်တည်ရေးအတွက်သာ ဘိန်းစိုက်ပျိုးကြသူများဖြစ်သဖြင့် ရာဇဝတ်သားများအလား ဆက်ဆံထိုက်သူများမဟုတ်ကြပါ။

ကျွန်ုပ်တို့အတွက် ဘိန်းသည် များစွာသော ကောင်းကျိုးချမ်းသာများကို ယူဆောင်ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ဒေသများ၌ ကျန်းမာရေးအကူအညီများ လွန်စွာပါးရှားသဖြင့် အခြေခံကျန်းမာရေးပြဿနာများဖြစ်သည့် ဝမ်းလျှော/ဝမ်းပျက်ခြင်း၊ ချောင်းဆိုးရင်ကြပ်ဖြစ်ခြင်းနှင့် နာကျင်ကိုက်ခဲမှုသက်သာစေရန်အလို့ငှာ ဘိန်းကို တိုင်းရင်းဆေးဝါးတစ်လက်အဖြစ် ရှေးအစဉ်အဆက်ကတည်းက အသုံးပြုခဲ့ခြင်းဖြစ်သည့်အပြင် အဆိပ်ရှိသည့် ပိုးမွှားများရန်မှ ကာကွယ်ရန်အတွက်လည်း အသုံးပြုလာခဲ့ကြပါသည်။ ထို့ပြင် အချို့သောတိုင်းရင်းသားများသည် ဘိန်းကို အဆောင်အနေဖြင့် အသုံးပြုခြင်းအားဖြင့် မကောင်းဆိုးဝါးများရန်မှ ကာကွယ်ပေးပြီး ကံကောင်းခြင်းများကို ယူဆောင်လာပေးသည်ဟု အစဉ်အဆက် လက်ခံယုံကြည်လာခဲ့ကြသည်။ တိရိစ္ဆာန်များအပေါ် အနာရောဂါများကျရောက်သည့်အခါမျိုး၌လည်း ဘိန်းကို အသုံးပြု၍ ကုသပေးလေ့ရှိသည်။

ကျွန်ုပ်တို့၏ ဒေသအများစု၌ လက်နက်ကိုင်ပဋိပက္ခများကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ကျွန်ုပ်တို့အနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းပေါင်းများစွာကို ဘိန်းခွန်များ ဆက်သနေရသည်။ အစိုးရကိုယ်စားပြုအဖွဲ့အစည်းများဖြစ်သော ရဲတပ်ဖွဲ့နှင့် တပ်မတော်အရာရှိအချို့သည် ဘိန်းရိတ်သိမ်းရာသီများ၌ရောက်လာကြပြီး ငွေကြေးတံစိုးလက်ဆောင်များ တောင်းခံလေ့ရှိပြီး ပေးအပ်ခြင်းမရှိပါက ဘိန်းခင်းများကို ဖျက်ဆီးပစ်မည်ဟု ခြိမ်းခြောက်မှုမျိုးကိုလည်း ကြုံတွေ့ခံစားရလျက်ရှိပါသည်။ အချို့လက်နက်ကိုင် အဖွဲ့အစည်းများသည် ဘိန်းစိုက်ပျိုးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်လျက်ရှိသည်။ အစိုးရ အဖွဲ့အစည်းများမှလည်း အချို့ဒေသများရှိ ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းများ၌ အနည်းအကျဉ်းပါဝင်လုပ်ဆောင်လျက်ရှိသည်။

မိသားစုစားဝတ်နေရေးကို ဖြည့်ဆည်းထောက်ပံ့ရန်အတွက် အခက်အခဲများကြုံတွေ့လျက်ရှိစဉ် တိုက်ဖျက်ရေး အစ္စရာယ်များသည် ကျွန်ုပ်တို့အတွက် တစ်ပူပေါ်နှစ်ပူဆင့်သကဲ့သို့ ဖြစ်နေသောကြောင့် အစားထိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လက်လှမ်းမီရယူနိုင်ခြင်းမရှိမီ ကျွန်ုပ်တို့၏ ဘိန်းခင်းများကို ဖျက်ဆီးခြင်းသည် လျော်ကန်မှုမရှိကြောင်း သုံးသပ်တင်ပြလိုပါသည်။ အချို့ဒေသများတွင် ဘိန်းသည်သာ တစ်ခုတည်းသော မှီခိုအားထားရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်နေပါသည်။

လက်ရှိအချိန်ထိ အချို့ဒေသများ၌သာ ဖွံ့ဖြိုးရေးစီမံကိန်းများမှ အကျိုးကျေးဇူးများကို အနည်းအကျဉ်းခံစားရလျက်ရှိပြီး ဒေသအများစုအတွင်း အစားထိုးဖွံ့ဖြိုးရေးအစီအစဉ် အနည်းအကျဉ်းသာခန့်သာ ရောက်ရှိပါသည်။ အမှန်တကယ်တွင် ယင်းအစီအစဉ်များကို ကျွန်ုပ်တို့၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲဖော်ထုတ်၍ ကျွန်ုပ်တို့၏ ဒေသပတ်ဝန်းကျင်ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့်ပုံစံမျိုးဖြင့် ဖော်ဆောင်ရန်လိုအပ်ပါသည်။ လက်ရှိအချိန်ထိ ဖော်ဆောင်လျက်ရှိသည့် အစီအစဉ်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်နေကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ဒေသများအတွင်း စိတ်ကြွဆေး(ATS)နှင့် ဘိန်းဖြူသုံးစွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများစွာကိုလည်း တွေ့ကြုံခံစားရလျက်ရှိပါသည်။ ထိုသို့သော မူးယစ်ဆေးဝါးများကြောင့် မိသားစုအတွင်း သာမက ရပ်ရွာအတွင်း၌လည်း ပြဿနာပေါင်းသောင်းခြောက်ထောင် ကြုံတွေ့ခံစားနေရသော်လည်း အဆိုပါပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးသည့် ဝန်ဆောင်မှုများနှင့် အစီအစဉ်များ လွန်စွာနည်းပါးနေဆဲဖြစ်ပါသည်။ လက်ရှိ အစီအစဉ်များကိုလည်း ယခုထက်ပိုမို ကျယ်ပြန့်ပြည့်စုံစွာ ဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိသည်ဟုလည်း သုံးသပ်တင်ပြလိုပါသည်။

နိဂုံးအနေဖြင့် ကျွန်ုပ်တို့အား ရာဇဝတ်သားများအနေဖြင့် သတ်မှတ်ခြင်းမပြုရန်နှင့် ကျွန်ုပ်တို့၏ ဘဝများအပေါ် သက်ရောက်ထိခိုက်လာစေမည့် မူးယစ်ဆေးဝါးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရာ အစီအစဉ်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များအတွင်း ကျွန်ုပ်တို့အား ပါဝင်ခွင့်ပြုရန် တင်ပြတောင်းဆိုအပ်ပါသည်။